# ၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ

- "WORLD AIDS DAY" မြန်မာလိုကတော့ "**ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့**" အဖြစ် နှစ်စဉ်ဒီဇင်ဘာလ (၁) ရက်နေ့ကို သတ်မှတ်ပြီး ဒီနေ့ကနေ ရက်သတ္တတစ်ပတ်အတွင်း ကမ္ဘာ့ တစ်ဝှမ်းလုံးမှာ အထိမ်းအမှတ် အခမ်းအနားတွေ ကျင်းပပြုလုပ်ကြပါတယ်။
- ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ သတ်မှတ်ကျင်းပရတဲ့ ရည်ရွယ်ချက်တွေကတော့ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကပ်ရောဂါ အကြောင်း ပြည်သူလူထုအနေနဲ့ ပိုမိုသိရှိလာစေဖို့၊ ဒီကပ်ရောဂါကြောင့် သေဆုံးသွားသူတွေကို အမှတ်ရစေဖို့၊ အိပ်ချ်အိုင်ဗွီပိုးနဲ့ နေထိုင်သူများအပေါ် ခွဲခြားဆက်ဆံမှုတွေ လျော့ကျလာစေဖို့နဲ့ အိပ်ချ်အိုင်ဗွီပိုးနဲ့နေထိုင်သူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နီးကြားတက်ကြွတဲ့ စိတ်ဓါတ်များနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့ စတာတွေပဲဖြစ်ပါတယ်။
- ဒီနှစ် World AIDS Day ဆောင်ပုဒ်ကတော့ "Global Solidarity Shared Responsibility" "အားလုံး ညီညွတ်ပေါင်းစည်းလို့၊ တာဝန်ကိုယ်စီ မျှယူစို့" ပဲဖြစ်ပါတယ်။ ဒီ ၂၀၂၀ ခုနှစ်မှာ အားလုံးရဲ့ အာရုံစိုက်မှုကို ခံရတဲ့ SARS_CoV_2 ဟာ လူတွေရဲ့ကျန်းမာရေး၊ လူမှုဘဝတွေနဲ့ အသက်မွေးဝမ်းကျောင်းမှုတွေအပေါ် သက်ရောက်မှုတွေ အများကြီးရှိခဲ့ ရှိနေဆဲပဲဆိုတာ အားလုံးအသိပါပဲ။ ဒါ့အပြင် ကျား/မတန်းတူညီမျှမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုစတဲ့ အခြားသော အရေးကြီးတဲ့ အရာများနဲ့လည်း ကျန်းမာရေးကဏ္ဍ ဆက်စပ်နေတာကိုလည်း ပြသလျက်ရှိပါတယ်။ ဒီအချက်တွေကိုအခြေခံပြီး ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ရဲ့ ဆောင်ပုဒ်ကို "Global Solidarity Shared Responsibility" "အားလုံး ညီညွတ်ပေါင်းစည်းလို့၊ တာဝန်ကိုယ်စီ မျှယူစို့" ဆိုပြီး ဖြစ်လာတာပါ။

- Covid-19 ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်းမှာ ကမ္ဘာ့လူသားအားလုံး ဒီကပ်ရောဂါဆိုး ဘေးက ကင်းဝေးပြီး လုံခြုံနေပါမှ ရောဂါကွင်းစက်ပြတ်ခါ လူတိုင်း ဘေးကင်းမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေရောက်ရှိဖို့အတွက် အားလုံး ညီညွတ်ပေါင်းစည်းပြီး တာဝန်ကိုယ်စီ မျှယူဖို့ လိုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တွေဟာ Covid-19 ရောဂါကို အနိုင်ယူလိုပါက မည်သူတစ်ဦး တစ်ယောက်ကိုမှ ချန်ထားလို့မရပါဘူး။ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး ပြစ်တင်ရှုတ်ချတာတွေ ခွဲခြား နှိမ့်ချဆက်ဆံတာတွေမရှိတဲ့၊ ကျား၊မ သာတူညီမျှပြီး ပြည်သူလူထုကို အဓိကအလေးပေး စဉ်းစားတဲ့ တုံ့ပြန်ချဉ်းကပ်နည်းများနဲ့ ဆောင်ရွက်မှသာ HIV နဲ့ Covid-19 ကူးစက်မှု ကင်းဝေးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာနိုင်မှာ ဖြစ်ကြောင်းကို ဒီနှစ်ရဲ့ဆောင်ပုဒ်က ဖော်ညွှန်းနေပါတယ်။